ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ကုန်စည်နှင့်ဝန်ဆောင်မှုခွန်ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၂၉ |
| ၂ | အခန်း (၁) | |
| | အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် .... .... .... | ၃၁ |
| ၃ | အခန်း (၂) | |
| | အခွန်ကျသင့်စေခြင်း .... .... | ၃၃ |
| ၄ | အခန်း (၃) | |
| | ကြေညာလွှာပေးပို့ခြင်းနှင့် အခွန်ပေးသွင်းခြင်း .... | ၃၄ |
| ၅ | အခန်း (၄) | |
| | စည်းကြပ်ခြင်းနှင့်ပြန်အမ်းခြင်း .... .... | ၃၆ |
| ၆ | အခန်း (၅) | |
| | ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပေးခြင်း .... | ၃၈ |

# မာတိကာ


| မှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၆) | | |
| | ကြိုးကြပ်ခြင်း .... .... .... | ၃၉ |
| အခန်း (၇) | | |
| | ပြင်ဆင်ခြင်း .... .... .... | ၄၁ |
| အခန်း (၈) | | |
| | အထွေထွေ .... .... .... | ၄၂ |

# ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေ

[ ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃။ ]

## နိဒါန်း

နိုင်ငံတော်တွင် လက်ရှိကျင့်သုံးနေသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတို့အပေါ် ကောက်ခံနေသည့် အခွန်အကောက် စနစ်အစား နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် ကုန်ထုတ်သမဝါယမအသင်းတို့နှင့်စပ်လျဉ်း၍ ဆိုရှယ်လစ် စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်စေပြီး အခြေခံဥပဒေ ပုဒ်မ ၁၇၂ နှင့် ညီညွတ်သည့်အခွန်စနစ်ဖြစ်ပေါ်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၊ ကုန်ထုတ်သမဝါယမအသင်းများ၊ ယင်းအသင်းစုများနှင့်သာ သက်ဆိုင်စေရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်တဝန်းလုံးတွင် ၁၉၇၆-၇၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) အခွန် ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကိုဆိုသည်၊

(ခ) **ကုန်စည်** ဆိုသည်မှာ ပြည်ပမှ တင်သွင်းသော ပစ္စည်း၊ သို့မဟုတ်ရောင်းချရန်အတွက် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ပစ္စည်းကိုဆိုသည်၊

(ဂ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ သို့မဟုတ် အဖိုးစားနားဖြင့် နိုင်ငံတော်အတွင်း ဆောင်ရွက်ပေးခြင်း ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလည်းပါဝင်သည်၊

(ဃ) **စက်ရုံဈေးနှုန်း** ဆိုသည်မှာ ကုန်စည်၏တန်ဘိုးရင်းတွင်အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဘိုးလည်းပါဝင်သည်၊

(င) **စက်ရုံလက်ကားရောင်းဈေးနှုန်း** ဆိုသည်မှာ စက်ရုံအရောင်းဌာနများ၊ ကော်ပိုရေးရှင်းများ၊ ဦးစီးဌာနများနှင့် သမဝါယမအသင်းများသို့ စက်ရုံမှရောင်းချရန် သတ်မှတ်သည့် ဈေးနှုန်းကိုဆိုသည်၊

(စ) **ဆိပ်ကမ်းရောက်တန်ဘိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော ပစ္စည်းအပေါ် အကောက်ခွန် ဥပဒေများအရ သတ်မှတ်သည့်တန်ဘိုးကိုဆိုသည်၊

(ဆ) **အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆိုသည်၊

(ဇ) **အသင်း** ဆိုသည်မှာ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းနှင့် ယင်းအသင်းစုကိုဆိုသည်၊

(ဈ) **ဇယား** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားများကိုဆိုသည်။

# အခန်း (၂)

## အခွန်ကျသင့်စေခြင်း

၄။ အဖွဲ့အစည်းများနှင့် အသင်းများက ထုတ်လုပ် ရောင်းချသည့် ကုန်စည်အပေါ်တွင် စီးပွားရေး စီမံကိန်းနှင့် အညီ နိုင်ငံတော်က သတ်မှတ်ထားသော စက်ရုံလက်ကား ရောင်းဈေးနှုန်းနှင့် စက်ရုံဈေးနှုန်းတို့၏ ခြားနားငွေကို အခွန်အဖြစ် ကျသင့်စေရမည်။

၅။ အဖွဲ့အစည်းများက ဆောင်ရွက်သည့် ဝန်ဆောင်မှု အပေါ်တွင် ဇယားများ၌ ဖော်ပြထားသည့် အတိုင်း အခွန်ကျသင့်စေရမည်။

၆။ ပြည်ပမှ တင်သွင်းသော ကုန်စည်နှင့် စပ်လျဉ်း၍ ဆိပ်ကမ်းရောက်တန်ဘိုးအပေါ်တွင် ဇယားများ၌ ဖော်ပြထားသည့် အတိုင်း အခွန်ကျသင့်စေရမည်။

၇။ ကျသင့်သော အခွန်ကို သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းက ပေးဆောင်ရမည်။

# အခန်း (၃)

## ကြေညာလွှာပေးပို့ခြင်းနှင့်အခွန်ပေးသွင်းခြင်း

၈။ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းသည် မိမိငွေစာရင်း ဖွင့်ထားသည့် ဘဏ်နှင့်သက်ဆိုင်ရာ မြို့နယ် အခွန်မှူးတို့ထံ ကုန်ရောင်း ကြေညာလွှာကို သော်လည်းကောင်း၊ ဝန်ဆောင်မှု ကြေညာလွှာကို သော်လည်းကောင်း ကုန်ထုတ်လုပ်ရောင်းချသည့်၊ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သည့်လ ကုန်ဆုံးပြီး ဆယ်ရက်အတွင်း ပေးပို့ရမည်။

၉။ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းက ငွေစာရင်းဖွင့် ထားသည့် ဘဏ်သည် ကြေညာလွှာကို ရရှိသောအခါ သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် အသင်း၏ လက်ကျန်ငွေမှ ကျသင့်သော အခွန်ကို အခွန်အတွက် ဖွင့်ထားသော ငွေစာရင်းသို့ လွှဲပြောင်း ပေးသွင်းရမည်။ ယင်းသို့ လွှဲပြောင်း ပေးသွင်းပြီးကြောင်းကို မြို့နယ် အခွန်မှူးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းသို့ လွှဲပြောင်းပေးသည့်လ မကုန်ဆုံး အကြောင်းကြားရမည်။

၁၀။ (က) မြို့နယ်အခွန်မှူးသည် ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်သော အဖွဲ့အစည်း၊ သို့မဟုတ် အသင်း၏ စီမံကိန်းပါ လျာ

ထားချက်အရ တလပျမ်းမျှ ရောင်းရငွေ၊ သို့မဟုတ် ဝန်ဆောင်မှုရငွေ အပေါ် ကျသင့်သော အခွန်ကို လွှဲပြောင်းပေးသွင်းရန် သက်ဆိုင်ရာ ဘဏ်သို့ အကြောင်းကြားစာ ပေးပို့ပြီး မိတ္တူကို သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းသို့ပေးပို့ရမည်၊

(ခ) သက်ဆိုင်ရာ ဘဏ်သည် အကြောင်းကြားစာကို ရရှိသောအခါ ပုဒ်မ ၉ ပါ အတိုင်း ဆောင်ရွက်ရမည်။

# အခန်း (၄)

## စည်းကြပ်ခြင်းနှင့်ပြန်အမ်းခြင်း

၁၁။ (က) အဖွဲ့အစည်းသည် နှစ်ချုပ် စာရင်းများကို သက်ဆိုင်ရာ စာရင်း စစ်ဆေးရေး အဖွဲ့က စစ်ဆေးပြီးသော အခါ စာရင်း စစ်ဆေးခြင်း အစီရင်ခံစာ ရရှိသည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း နှစ်ချုပ် ကုန်ရောင်း ,ကြေညာလွှာ၊ သို့မဟုတ် နှစ်ချုပ် ဝန်ဆောင်မှု ကြေညာလွှာကို ယင်းအစီရင်ခံစာ မိတ္တူ တစောင်နှင့်အတူ မြို့နယ် အခွန်မှူးထံ ပေးပို့ရမည်၊

(ခ) အသင်းသည် နှစ်ချုပ် စာရင်းများကို သက်ဆိုင်ရာမှ စစ်ဆေးပြီးသောအခါ စာရင်း စစ်ဆေးခြင်း အစီရင် ခံစာ ရရှိသည့်နေ့မှ ရက်ပေါင်း သုံးဆယ် အတွင်း နှစ်ချုပ်ကုန်ရောင်းကြေညာလွှာကို ယင်းအစီရင်ခံစာ မိတ္တူ တစောင်နှင့်အတူ မြို့နယ်အခွန်မှူးထံ ပေးပို့ရမည်။

၁၂။ မြို့နယ်အခွန်မှူးသည် နှစ်ချုပ်ကြေညာလွှာနှင့် အစီရင်ခံစာကို အခြေပြု၍ သက်ဆိုင်ရာ နှစ်အတွက် ကျသင့်သော အခွန်ကို တွက်ချက်ရမည်။ ပေးသွင်းခဲ့သော အခွန်သည် ကျသင့်သော အခွန်ထက်

လျှော့နည်းနေလျှင် ကျန်အခွန်ကို လွှဲပြောင်း ပေးသွင်းရန် သက်ဆိုင်ရာ ဘဏ်သို့ အကြောင်းကြားစာ ပေးပို့ရမည်။ မိတ္တူကို သက်ဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းသို့ ပေးပို့ရမည်။

၁၃။ အဖွဲ့အစည်း၊ သို့မဟုတ် အသင်းသည် ပေးဆောင်ရမည့် အခွန်ထက်ပိုမိုပေးဆောင်ခဲ့ကြောင်း အထောက်အထားဖြင့်ပြသနိုင်လျှင် ယင်းပိုငွေကိုပြန်ရခွင့်ရှိသည်။

# အခန်း (၅)

## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပေးခြင်း

၁၄။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏ အကျိုးငှာ ကုန်စည် တမျိုးမျိုး အတွက် ဖြစ်စေ၊ ဝန်ဆောင်မှုတရပ်ရပ် အတွက်ဖြစ်စေ၊ အဖွဲ့အစည်း၊ သို့မဟုတ် အသင်း တခုခုအတွက် ဖြစ်စေ လိုအပ်လျှင် အခွန် ကင်းလွတ်ခွင့်၊ သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။ ယင်းသို့ ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍အတည်ပြုချက် ရယူရမည်။ ဝန်ကြီးအဖွဲ့ကလည်း အခါအားလျော်စွာ နိုင်ငံတော် ကောင်စီသို့ တင်ပြရမည်။

# အခန်း (၆)

## ကြီးကြပ်ခြင်း

၁၅။ မြို့နယ်အခွန်မှူးသည် ဤဥပဒေအရ မိမိ၏ ဆောင်ရွက်ချက်များကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ လစဉ် အစီရင်ခံရမည်။ ထို့ပြင် လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၁၆။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မြို့နယ်အခွန်မှူး၏ ဆောင်ရွက်ချက်ကိုလည်းကောင်း၊ အဖွဲ့အစည်းနှင့် အသင်း၏ စီမံကိန်း အကောင်အထည် ဖော်မှုနှင့် လိုက်နာ ဆောင်ရွက်မှုကိုလည်းကောင်း၊ ဘဏ်၏ ဆောင်ရွက်မှုကို လည်းကောင်း ပေါင်းစပ် ညှိနှိုင်း လမ်းညွှန်ပေးရမည်။

၁၇။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မိမိမြို့နယ် အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာတွင် ၄င်းထမြောက် အောင်မြင်ရန် လိုအပ်သလို ကြီးကြပ်ကွပ်ကဲပေးရမည်။

၁၈။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ မိမိမြို့နယ်အတွင်း ဆောင်ရွက်ချက် အခြေအနေများကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှု

ဆောင် အဖွဲ့သို့ ၃ လလျှင်တကြိမ် အစီရင်ခံရမည်။ လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၁၉။ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မိမိပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မြို့နယ်များတွင် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို စုစည်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသို့ ၃ လလျှင်တကြိမ် အစီရင်ခံရမည်။ လိုအပ်လျှင် လိုအပ်သလို အစီရင်ခံရမည်။

၂၀။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသည် ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့နှင့်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ကြီးကြပ်နိုင်သည်။

# အခန်း (၇)

## ပြင်ဆင်ခြင်း

၂၁။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသည် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် အခွန်စည်းကြပ် ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ပြင်ဆင်ရန် လိုအပ်ပါက ပြင်ဆင်နိုင်သည်။

# အခန်း (၈)

## အထွေထွေ

၂၂။ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ စက်ရုံလက်ကားရောင်းဈေးနှုန်းနှင့် စက်ရုံဈေးနှုန်း သတ်မှတ် ဆောင်ရွက်ခြင်း မပြုနိုင်သေးသော ကုန်စည်များကို ဇယားများ၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်။

၂၃။ မည်သည့် ကုန်စည်၊ သို့မဟုတ် ဝန်ဆောင်မှုအတွက်မဆို အခွန်တကြိမ်တည်းသာ ကျသင့်စေလိုလျှင် ယင်းသို့ ကျသင့်စေရန် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

၂၄။ ဝန်ဆောင်မှု လုပ်ငန်းနှင့် စပ်လျဉ်း၍ အခွန် ပေးသွင်းစေရမည့် လုပ်ငန်းအဆင့်ကို ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ် ပေးနိုင်သည်။ ယင်းသို့ သတ်မှတ်ရာတွင် ဖြစ်နိုင်သမျှ အခြေခံအကျဆုံး အဆင့်က ပေးသွင်းစေရန် သတ်မှတ်ရမည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဝန်ကြီးအဖွဲ့က လည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၆။ (က) အောက်ဖော်ပြပါ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများနှင့် အမိန့်များတွင် မည်သို့ပင် ပါရှိစေကာမူ အခွန် ကျသင့်စေခြင်း၊ အခွန် စည်းကြပ် ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စများကို ၁၉၇၆-၇၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မှစ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် လိုင်စင်၊ ခွင့်ပြုလက်မှတ်၊ သို့မဟုတ် ပါမစ် ထုတ်ပေးခြင်း ကိစ္စများကို အောက်ပါတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက် ဆောင်ရွက်ရမည်—

(၁) The Burma Salt Act, 1917.

(၂) The Burma Excise Act, 1917.

(၃) The Cigarettes Duty Act, 1931.

(၄) The Matches (Excise Duty) Act, 1934.

(၅) Excisable Goods Rules, 1959.

(၆) The Sugar (Excise Duty) Act, 1934.

(၇) The Motor Spirit Duties Act, 1917.

(၈) The Petroleum Act, 1934.

(၉) The Silver (Excise Duty) Act, 1930.

(၁၀) The Chin Special Division (Extension of Laws) Act, 1948 အရ၊ ချင်းဝိသေသတိုင်းတွင် အကျိုးသက်ရောက်သော The Petroleum Act.

(၁၁) ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုး နည်းဥပဒေများ၊

(၁၁) The Kachin Hill-Tribes Regulation, 1895 အရ အကျိုး သက်ရောက်သော The Burma Salt Act

(၁၂) The Burma Excise Act, The Cigarettes Duty Act, The Matches (Excise Duty) Act.

(၁၃) The Shan States Excise Order, 1925.

(၁၄) ၁၉၅၂ ခုနှစ်၊ ရောင်းခွန် အက်ဥပဒေ၊

(၁၅) ၁၉၄၉ ခုနှစ်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန် အက်ဥပဒေ၊

(၁၆) The Entertainment Tax Act, 1947.

(၁၇) ၁၉၅၆ ခုနှစ်၊ ရောင်းဝယ် လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေ။

(ခ) ၁၉၇၆-၇၇ ခု၊ ဘဏ္ဍာရေးနှစ် မတိုင်မီနှစ်များအတွက် ဤဥပဒေနှင့် အကျုံးဝင်သည့် အဖွဲ့အစည်းများ၊ အသင်းများအား အခွန် ကျသင့်စေခြင်း၊ အခွန်စည်းကြပ် ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စများကို သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်များနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) ဝင်ငွေခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၇၆-၇၇ ဝင်ငွေ နှစ်အတွက်မှစ၍ ဤဥပဒေနှင့် အကျုံးဝင်သည့် အဖွဲ့အစည်းများ၊ အသင်းများနှင့် မသက်ဆိုင်စေရ။

၂၇။ ပုဒ်မ ၂၆ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများနှင့် အမိန့်များပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကူးပြောင်းဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

# ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေ၏နောက်ဆက်တွဲဇယားများ

## ဇယား-၁

### အခွန်မကျသင့်စေမည့်ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး။ |
| ၂ | ဂျုံစေ့။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ။ |
| ၄ | ပဲလုံးအမျိုးမျိုး။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆံ။ |
| ၆ | နှမ်း။ |
| ၇ | မုန့်ညှင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုံလျှော်နှင့်အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ။ |
| ၁၂ | အာလူး။ |
| ၁၃ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ။ |
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ဘယသဆေးပင်နှင့် ဆေးအမျိုးမျိုး။ |
| ၁၉ | လယ်ယာကိုင်းကျွန်းထွက် ကျွဲနွားစာ အစို၊ အခြောက်။ |
| ၂၀ | အခြား နေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ကယ်၊ သပေါ့ စသော လယ်ယာကိုင်းကျွန်းထွက်ကုန်များ။ |
| ၂၁ | သက်ရှိတိရစ္ဆာန်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ်အကြမ်းအချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိတ်များ။ |
| ၂၆ | ကျောက်မီးသွေး။ |
| ၂၇ | ပဲဖွဲနှင့် ပဲအခွံများ။ |
| ၂၈ | မြေပဲဖတ်၊ နှမ်းဖတ်၊ ငါးစေ့ဆီဖတ်၊ ဖွံနှုဆီဖတ် စသည့်ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၉ | ဆပ်ပြာမှုန့်ကြမ်း။ |
| ၃၀ | အရောင်ချွတ်ဖတ်။ |
| ၃၁ | တင်လဲရည် ( Molasses )။ |
| ၃၂ | ဖန်ပြီးဝါ။ |
| ၃၃ | အုန်းဆံချည်ငင်။ |
| ၃၄ | ဗါဂျီးနီးယား ပေါင်းဘင်ပြီးဆေး။ |
| ၃၅ | ငှက်မွေး၊ ဘဲမွေး။ |
| ၃၆ | ဒန်ပြား၊ ဒန်ဝိုင်း။ |
| ၃၇ | ထီးပိတ်များ။ |
| ၃၈ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေ ပစ္စည်းများ။ |
| ၃၉ | ဓါတ်မှန်ပလင်ကော်ပြား၊ ဓါတ်မှန်ရိုက် ပစ္စည်းကိရိယာ တန်ဆာပလာများနှင့်အခြားဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၄၀ | ပိုးသတ်ဆေးများ။ |
| ၄၁ | ဓါတ်ဆေး၊ ဆိုးဆေး။ |
| ၄၂ | အစားအသောက် ဆိုးဆေးနှင့် အမွှေးအကြိုင်များ။ |
| ၄၃ | လက်နက် ပဒေနှင့် အကျုံးဝင်သော လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အစိတအပိုင်းနှင့် အပိုပစ္စည်းများ၊ ယမ်းမှုန့်အမျိုးမျိုး။ |

## ဇယား-၁။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၄ | ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ။ |
| ၄၅ | တံဆိပ်ခေါင်းအမျိုးမျိုး။ |
| ၄၆ | စီးကရက်စက္ကူများ။ |
| ၄၇ | ကာကွယ်ရေးနှင့် လုံခြုံရေး အဖွဲ့အစည်းများသုံး ပစ္စည်းနှင့် ပစ္စည်း ကိရိယာများ။ |
| ၄၈ | ချိတ်ပြားနှင့် တံဆိပ်နှိပ်ချိတ်များ။ |
| ၄၉ | သဘာဝဓါတ်ငွေ့။ |
| ၅၀ | ရေနံစိမ်း။ |
| ၅၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဘလာစာအုပ်နှင့် ပုံဆွဲစာအုပ်။ |
| ၅၂ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၅၃ | မျှင်ငါးပိ။ |
| ၅၄ | ပုဇွန်ငံပြာရည်၊ မျှင်ငံပြာရည်။ |
| ၅၅ | စားဖွဲနုဆီ။ |
| ၅၆ | ဂျုံမှုန့်အနုနှင့် အကြမ်း။ |
| ၅၇ | ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး။ |
| ၅၈ | ဆန်၊ ဆန်ကွဲ၊ ဖွဲ။ |
| ၅၉ | လျှပ်စစ်ဓါတ်အား (စက်ရုံသုံး)။ |

ဇယား-၂

## ၅ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင်ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏ တန်ဘိုးရင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏တန်ဘိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ငါးစို၊ ပုဇွန်စို။ |
| ၂ | ပိုးသတ်ပြီးနှင့်အခြား ချက်ထားပြီးနို့များ။ |
| ၃ | စားဖွဲ့နှံဆီမှအပ အခြားစားသုံးဆီနှင့် ဆီအခဲများ။ |
| ၄ | အဝတ်လျှော်ဆပ်ပြာအမျိုးမျိုး။ |
| ၅ | ချည်လုံးချည်ကြမ်းများ။ |
| ၆ | ချည်ငှပ်ဖျင်ညို။ |
| ၇ | ချည်ဇင်ပိတ်။ |
| ၈ | စုပ်ကျယ်များ။ |
| ၉ | အိမ်သုံးဆေးဝါးများနှင့် အခြား လူသုံးဆေးဝါးအမျိုးမျိုး။ |
| ၁၀ | မျက်မှန်၊ မျက်မှန်ကိုင်းနှင့် အရံပစ္စည်းများ။ |
| ၁၁ | မဘောက်ပေါင်ဒါနှင့် တဆေး (Yeast)။ |
| ၁၂ | ထင်းမီးသွေး။ |
| ၁၃ | ကျွန်းသစ်လုံး။ |
| ၁၄ | သစ်မာသစ်လုံး။ |

ဇယား-၂။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၅ | ကျွန်းနှင့် သစ်မာတိုင်နှင့်မျော။ |
| ၁၆ | ကသင်ဆီ၊ ထင်းရှူးဆီ။ |
| ၁၇ | ဂေါ်တန်ကျောက်။ |
| ၁၈ | ဘချိက်ဘီးကျောက်။ |
| ၁၉ | ဂရက်ဖိုက်။ |
| ၂၀ | ရွှံ့စေးဖြူ၊ မီးခံရွှံ့စေးနှင့် မီးခံရွှံ့စေးမှုန့်။ |
| ၂၁ | ကန့်ကူဆံ။ |
| ၂၂ | ဒိုလိုမိုက်ကျောက်။ |
| ၂၃ | မြေနီ၊ မြေဝါ၊ မြေဖြူမှုန့်။ |
| ၂၄ | ဗင်တိုနိုက်ကျောက်။ |
| ၂၅ | တာရာစိုကျောက်။ |
| ၂၆ | ရေစေးမြေများ။ |
| ၂၇ | ခဲချော်ချေး။ |
| ၂၈ | ကျောက်ကျိုး၊ ကျောက်ပဲ့။ |
| ၂၉ | ကျောက်တုံး (Marble)။ |
| ၃၀ | ထုံးကျောက်။ |
| ၃၁ | အခြားလမ်းခင်းကျောက်များ၊ သဲများ။ |
| ၃၂ | စားသုံးရန်မပါတ်သည့် ဝါစေ့ဆီရိုင်း၊ ဖွဲနုဆီရိုင်း စသည့် ဆီကြမ်းများ။ |
| ၃၃ | ချည်ခင်။ |
| ၃၄ | ပိုးချည်ခင်။ |
| ၃၅ | ယူရိုးယား ဓါတ်မြေဩဇာမှအပ အခြား ဓါတ်မြေဩဇာများ။ |
| ၃၆ | မါဘငှေး အဂခြံ ဓါတ်နှင့် ဓါတ်ဆေးများ။ |
| ၃၇ | ရေနံမီးသွေး။ |
| ၃၈ | ကျွဲသားရေ ဆိုးသားရေ၊ ဆိတ်၊ သိုးသားရေနှင့် သားရေနယ်များ။ |
| ၃၉ | ကလေးနှင့် နာမကျန်းသူများ သုံးစွဲရန် နို့။ |
| ၄၀ | ပညာပေးနှင့် ကျောင်းသုံးလျှပ်စစ် ပစ္စည်းကိရိယာများ။ |
| ၄၁ | သတင်းစာအမျိုးမျိုး။ |

## ဇယား-၃

### ၁၀ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။**စက်ရုံဈေးနှုန်း** ဆိုသည်မှာ ကုန်စည်၏တန်ဘိုးရင်းတွင်အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်း၏တန်ဘိုးလည်း ပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ယူရီးယား ဓါတ်မြေဩဇာ။ |
| ၂ | လျှပ်စစ်ဓါတ်အား (စက်ရုံသုံးမှအပ) ။ |
| ၃ | လွှသွားအမျိုးမျိုး။ |
| ၄ | လက်သမားသုံးကိရိယာများ။ |
| ၅ | လယ်ယာသုံးကိရိယာများ။ |
| ၆ | မရိုက်ရသေးသော ကင်မရာ ဖလင်များ။ |
| ၇ | ဘောလုံးကစား ပစ္စည်း နှင့် စားပွဲတင် တင်းနစ် အားကစား ပစ္စည်းကိရိယာများ။ |

၁၅ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကိုဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင်ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

ရှင်းလင်းချက်။ ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည် တန်ဘိုးရင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်၊ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းလုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဘိုးလည်း ပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | မုယောနှင့် မုယောဂျုံမှုန့် (Malt and malt flour)။ |
| ၂ | ပဲငပိ၊ ပဲငံပြာရည်နှင့် ဟင်းခတ်အချိုရည်များ။ |
| ၃ | နို့မှုန့်။ |
| ၄ | လဘက်စို၊ လဘက်ခြောက်အကြမ်း။ |
| ၅ | ပြုပြင်ပြီးမဆလာ။ |
| ၆ | စက္ကူများနှင့် ကာဒ်ထူစက္ကူများ။ |
| ၇ | မင်အမျိုးမျိုး။ |
| ၈ | ဖယောင်းတိုင်နှင့်ဘောပင်များ။ |
| ၉ | တွယ်ချိတ်၊ တွယ်အပ်၊ ကာလစ်နှင့် အခြား ရုံးသုံး ပစ္စည်း ကိရိယာများ။ |
| ၁၀ | ပုလင်းအမျိုးမျိုး။ |
| ၁၁ | အုန်းဆံကြိုး၊ ဂုံနီကြိုး၊ ချည်ကြိုး နှင့် အခြား ကြိုးများ။ |
| ၁၂ | ဂုံနီဖျင်ပါးနှင့် ဂုံနီအိတ်များ။ |
| ၁၃ | ချည်တိတ်ကြိုး၊ ချည်မျှော့ကြိုး၊ ချည်တိုင်ထိတ်ကြိုးများ။ |
| ၁၄ | ငါးဖမ်းပိုက်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၇ | ငါးမျှားချိတ်များ။ |
| ၁၆ | ကော်ပြင်ဝတ်စုံများ။ |
| ၁၇ | ကြက်တောင်ရိုက် အားကစား ပစ္စည်းများ။ |
| ၁၈ | ဦးထုပ်အမျိုးမျိုး။ |
| ၁၉ | ဘိနပ်အမျိုးမျိုးဘွင် တပ်ဆင်သည့် ပစ္စည်းများ။ |
| ၂၀ | အပ်ချည်လုံး (ချည်)။ |
| ၂၁ | စက္ကူဖြင့်လည်းကောင်း၊ စက္ကူကဒ်ထူဖြင့် လည်းကောင်း ပြုလုပ်ထားသော ထုပ်ပိုးပစ္စည်းများ။ |
| ၂၂ | ပလတ်စတစ်အိတ်အမျိုးမျိုး။ |
| ၂၃ | ထင်းရှူးဆီချော။ |
| ၂၄ | ခဲမဖြူသန့်စင်၊ အဖြိုက်နက် သန့်စင်၊ ခဲမဖြူ အဖြိုက်နက် ရောရာ၊ ခဲမဖြူ အဖြိုက်နက်ရှိုးလိုက်ရောရာ သန့်စင် သတ္တုများ။ |
| ၂၅ | ခဲစင်။ |
| ၂၆ | သန့်စင်သွပ်မှုန့်။ |
| ၂၇ | ကြေးနီမက်။ |
| ၂၈ | နီကယ်စပိုက် (စ်)။ |
| ၂၉ | ခနောက်စိမ်းခဲ။ |
| ၃၀ | ခနောက်စိမ်းသတ္တု။ |
| ၃၁ | သန့်စင်ဆာလ်ဖိတ် ခဲမှုန့်။ |
| ၃၂ | သံဖြင့် ပြုလုပ်သော ရေစည်၊ သံပုံးနှင့် သတ္တုရည်အမျိုးမျိုးဖြင့် သုတ်ထားသော ပုံးခွက်များ။ |
| ၃၃ | ရေနံနှင့် ရေနံမီးသွေးမှ ထွက်သည့် ဓါတုဗေဒ ကုန်ပစ္စည်းများ။ |
| ၃၄ | ရော်ဘာဖြင့် ပြုလုပ်သော စက်သုံး ပစ္စည်းများနှင့် ရေနံကြမ်းပစ္စည်းများ။ |
| ၃၅ | ပုလင်းအဖုံး (Crown Cork) များ။ |
| ၃၆ | စက်ဆီ၊ ချောဆီနှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်း မရှိသည့် ရေနံထွက် ဆီများ။ |
| ၃၇ | ဖန်ခွက်များ။ |

## ၂၀ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဘိုးပေါ် တွင်ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ် တွင်ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏ တန်ဘိုးရင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်း ထုပ်ပိုးထားသော ပစ္စည်းများ၏တန်ဘိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ခေါက်ဆွဲအစို၊ အခြောက်၊ မြူစွမ် နှင့် မာကရိုနီ။ |
| ၂ | ရေခဲ။ |
| ၃ | နို့ဆီ။ |
| ၄ | မှာလကာရည်။ |
| ၅ | ယိုမျိုးစုံ။ |
| ၆ | ကြွက်ပေါင်ဈေး။ |
| ၇ | ပလပ်စတစ်ဖျင်များ။ |
| ၈ | အခြားနေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် ပလပ်စတစ် အိမ်သုံးနှင့် လူသုံးပစ္စည်းများ။ |
| ၉ | ရာဘာဖြင့် ပြုလုပ်သော အိမ်သုံးပစ္စည်း အမျိုးမျိုး။ |
| ၁၀ | အခြားနေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် ပုံနှိပ် လုပ်ငန်း ပစ္စည်းများ။ |
| ၁၁ | ကင်းဘတ်ဖျင်များ။ |
| ၁၂ | ဖယောင်းပုဆိုး ပိတ်နှင့် ကြမ်းခင်းပိတ်များ။ |
| ၁၃ | တာပေါ် လင်ဖျင် (မိုးရေခံ ပတ္တူ) နှင့် မိုးကာ။ |

## ဇယား-၅။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၄ | ကင်းဘတ်ပိနပ် အမျိုးမျိုး နှင့် ဖြင်းခတ်ဘိနပ်။ |
| ၁၅ | ဇစ်အမျိုးမျိုး နှင့် အခြား နေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် ကြယ်သီး အမျိုးမျိုး။ |
| ၁၆ | မီးခြစ်ကျောက်။ |
| ၁၇ | ဆံသွယ်၊ ဆံထိုးနှင့် ဆံပင်ကောက်ပစ္စည်းများ။ |
| ၁၈ | ဆေးသကြား။ |
| ၁၉ | ကလေးကစားစရာများ။ |
| ၂၀ | လျှပ်စစ်မော်တာများ။ |
| ၂၁ | သွားတိုက်တံများ။ |
| ၂၂ | မဂ္ဂိုက်ရိုသေးသော ရုပ်ရှင်ဖလင်များ။ |
| ၂၃ | ဘော်ငွေ (သို့မဟုတ်) ငွေစင်။ |
| ၂၄ | ချည်ချောလုံချည်များ။ |
| ၂၅ | ချည်ရှပ်ဖျင် ရောင်စုံနှင့် ပိတ်ဖြူများ။ |
| ၂၆ | ချည်စောင်များ။ |
| ၂၇ | ချည်မျက်နှာသုတ်ပုဝါများ။ |
| ၂၈ | စက်ဘီးအရုံနှင့် အပိုပစ္စည်းများ။ |
| ၂၉ | စက်ဘီးတာယာနှင့် ကျွတ်များ။ |
| ၃၀ | လယ်ယာသုံး စက်ပစ္စည်းများ။ |
| ၃၁ | ယက္ကန်းနှင့် အခြားအထည်ယက်လုပ်ငန်း၊ ချည်ထိုး လုပ်ငန်း၊ ချည်မျှင် လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း ကိရိယာများ။ |
| ၃၂ | အိမ်ရိုက်သံ၊ လေးမြောင့်သံများ။ |
| ၃၃ | ယွန်းထည်အမျိုးမျိုး။ |
| ၃၄ | တင်းနစ် အားကစား ပစ္စည်း ကိရိယာများ။ |
| ၃၅ | အခြားနေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် ပစ္စည်းများ။ |

## ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့်ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းချောက်တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင်ကျသင့်စေရမည်။

ရှင်းလင်းချက်။ ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏တန်ဖိုးရင်းတွင် အမြတ်ကို ပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဖိုးလည်း ပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ပန့်ချိကပ်ချည်ထည်များ။ |
| ၂ | ငါးအမျိုးမျိုး။ |
| ၃ | ရေနံဆီ၊ ဓါတ်ဆီနှင့် ယင်းတို့အတွက် အရံပစ္စည်းများ။ |
| ၄ | ဖယောင်းတိုင်များ။ |
| ၅ | ဘိလပ်မြေ။ |
| ၆ | အုတ်၊ အုတ်ကြွပ်ပစ္စည်း၊ မီးခံအုတ်။ |
| ၇ | ကော်ဖီမှုန့်များ။ |
| ၈ | လဘက်အချိုခြောက်။ |
| ၉ | စားပွဲခင်း၊ လက်သုတ်ပုဝါ စသည့် အိမ်သုံး အထည်များ။ |

## ဇယား-၇

### ၃၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့်ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏ တန်ဘိုးခြင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့်ငွေကိုဆိုသည်။ ယင်းစကားရပ်တွင်ကုန်စည်ကို တည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဘိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး။ |
| ၂ | ဖြူပ်ဆီ နှင့် ဆော့ (စ်) ( Sauce ) များ။ |
| ၃ | ချည်ခြင်ထောင်ဇာများ။ |
| ၄ | ချည်ဇာမှအပ အခြားနေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် ချည်ထည်များ။ |
| ၅ | အသားကစားဝတ်ဆင်ရေး ချုပ်ပြီးထည်မှအပ အခြားချည် ချုပ်ပြီး ထည်များ။ |
| ၆ | မိုးကာအင်္ကျီများ။ |
| ၇ | ချုပ်ပြီး ခြင်ထောင်များ။ |
| ၈ | ကင်းဘတ်ဘိနပ်နှင့် ခြင်းခတ်ဘိနပ်မှ အပ အခြား ဘိနပ်အမျိုးမျိုး။ |
| ၉ | ဆပ်ပြာမှုန့်မှ အပ အခြား ကိုယ်တိုက် ဆပ်ပြာများ။ |
| ၁၀ | ခေါင်းဆပ်ပြာရည်၊ ခေါင်းဆပ်ပြာမှုန့် နှင့် ချေးချွတ်ဆေးမှုန့်။ |
| ၁၁ | မုတ်ဆိတ်ရိတ်ဓါး၊ သင်ဒုန်းဓါး နှင့် ကပ်ကျေးများ။ |
| ၁၂ | သတ္တုဖြင့်လည်းကောင်း၊ ကြွေဖြင့် လည်းကောင်း ပြုလုပ်ထားသော အိုးခွက် အိမ်သုံးပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၃ | ကြွေထည် ပန်းကန် ခွက်ယောက်များ။ |
| ၁၄ | ကြွေရည်သုတ် ပန်းကန် ခွက်ယောက်များ။ |
| ၁၅ | လက်နှိပ်ဓါတ်မီး နှင့် အရံ ပစ္စည်းများ။ |
| ၁၆ | မှန်အိမ်၊ မီးအိမ် နှင့် ယင်းတို့၏ အရံနှင့် အပို ပစ္စည်းများ။ |
| ၁၇ | ပလွပ်လုံး၊ ပလွပ်ခဲ။ |
| ၁၈ | ဆေးလိပ်ခွက်အမျိုးမျိုးနှင့် ဆေးလိပ်ပြာခွက်အမျိုးမျိုး။ |
| ၁၉ | နာရီအမျိုးမျိုး နှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၂၀ | ကလေးစီး ယာဉ် အမျိုးမျိုး နှင့် အရံပစ္စည်းများ။ |
| ၂၁ | သော့ခလောက်၊ သော့အိမ် နှင့် သော့များ။ |
| ၂၂ | ပရိဘောဂ နှင့် သေတ္တာများတွင် တပ်ဆင်သည့် ကုန်မာ တန်ဆာပလာများ။ |
| ၂၃ | ကြော်ငြာ နီယွန် မီးသီး မီးချောင်းမှ အပ အခြား မီးသီး မီးချောင်း အမျိုးမျိုး။ |
| ၂၄ | မီးချောင်းမီးသီး အုပ်ဆောင်း အမျိုးမျိုး နှင့် မီးခလုတ်၊ မီးဘလောက်များနှင့် ယင်းတို့၏ အရံပစ္စည်းများ။ |
| ၂၅ | မီးကြိုး၊ မီးကလစ် နှင့် အခြား အိမ်တွင်း လျှပ်စစ် ဆက်သွယ်ရေး ပစ္စည်းများ။ |
| ၂၆ | ကြွေဖြင့် ပြုလုပ်သော လျှပ်စစ် ဓါတ် ထိန်း နှင့် ကြေးနန်း ပစ္စည်းများ။ |
| ၂၇ | မီတာ အိမ်နှင့် မီတာ သေတ္တာများ။ |
| ၂၈ | ဓါတ်မီးကိုင်ထိန်း ပစ္စည်း ကိရိယာများ။ |
| ၂၉ | ပုံနှိပ် လျှပ်စစ် ဖြန့်ခွဲမှု ကိရိယာများ။ |
| ၃၀ | ၃ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများ နှင့် ကုန်တွဲကားများ။ |
| ၃၁ | ခါးပြတ် ကုန်ဝင်ကား၊ လူစီး ဝန်တင်ကား၊ ဘတ် (စ်)ကားများ။ |
| ၃၂ | ရေ၊ ဓါတ်ဆီ စသည့် သယ်ပို့သည့် ကားများ။ |
| ၃၃ | ဝန်ချီကားများ။ |
| ၃၄ | ထရက်တာ ကားများ၊ အခြား စက်မှုသုံး ကားများ နှင့် ယင်းတို့၏ အရံ နှင့် အပို ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၅ | မော်တော်ကား အရံ နှင့် အပို ပစ္စည်းများ (ကိုယ်ထည် အစိတ်အပိုင်း အပါအဝင်)။ |
| ၃၆ | မော်တော်ကား၊ မော်တော်ဆိုင်ကယ် တာယာ နှင့် ကျွတ်များ။ |
| ၃၇ | အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် တာယာ နှင့် ကျွတ်များ။ |
| ၃၈ | မော်တော်ဆိုင်ကယ် အရံနှင့် အပို ပစ္စည်းများ။ |
| ၃၉ | မီးရထားခေါင်း၊ မီးရထားခေါင်းတွဲ၊ မီးရထား တွဲများ နှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၄၀ | ပင်လယ်ကူး သင်္ဘော၊ အခြားသင်္ဘော၊ မော်တော်ဘုတ်နှင့် စက်နှာ စက်တပ်လှေကြီးများ နှင့် ယင်းတို့၏ အရံ နှင့် အပို ပစ္စည်းများ။ |
| ၄၁ | လေယာဉ်နှင့် ယင်းတို့၏ အရံနှင့် အပို ပစ္စည်းများ။ |
| ၄၂ | ဘောတံတားများ၊ ဇော်ယာများ နှင့် ယင်းတို့၏ အရံ နှင့် အပို ပစ္စည်း များ။ |
| ၄၃ | လက်တွန်းလှည်းများ။ |
| ၄၄ | ဘွိုင်လာ၊အင်ဂျင်များ၊ လျှပ်စစ် ဓါတ်အားပေး တာဘိုင် များ နှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၄၅ | လက်နှိပ်စက်၊ ဂဏန်းတွက်စက်၊ မိတ္တူကူးစက်၊ စာရင်း အင်း စက်များ၊ အခြားရုံးသုံး စက်၊ စက်ကိရိယာ နှင့် ယင်း တို့၏ အရံနှင့် အပို ပစ္စည်း များ။ |
| ၄၆ | ဘွင်းထွက် ပစ္စည်းများနှင့် သတ္တု ပစ္စည်းများ တူးဖော်ရေး၊ ဖြတ်တွင်း ရေးစက်၊ စက်ပစ္စည်း ကိရိယာ များနှင့် ယင်းတို့၏ အရံ နှင့် အပို ပစ္စည်း များ။ |
| ၄၇ | စက်မှုသုံး အမ်ချုပ်စက်များ။ |
| ၄၈ | စက္ကူလုပ်ငန်း၊ စက္ကူပတ်လုပ်ငန်း၊ စက္ကူကဒ်ထူ လုပ်ငန်း သုံးစက်၊ စက်ပစ္စည်း ကိရိယာများ။ |
| ၄၉ | စာပုံနှိပ်၊ စာစီနှင့် စာအုပ်ချုပ်စက်၊ ဘလောက် လုပ်ငန်း စက်ကိရိယာ များနှင့် ယင်းတို့၏ အရံ နှင့် အပို ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၀ | ဆန်စက်၊ ဂျုံစက်၊ သီးနှံ အမှုန့်ကြိတ်စက်နှင့် ယင်းတို့၏ အရံ နှင့် အပိုပစ္စည်းများ။ |
| ၅၁ | သကြားစက်နှင့် ယင်းတို့၏ အရံနှင့်အပိုပစ္စည်းများ။ |
| ၅၂ | ဆီကြိတ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရံနှင့်အပိုပစ္စည်းများ။ |
| ၅၃ | သစ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရံနှင့်အပိုပစ္စည်းများ။ |
| ၅၄ | လမ်းဆောက်လုပ်ရေး၊ လမ်းခင်း လမ်းကြိတ်စက်နှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၅၅ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် စက်ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရံနှင့်အပိုပစ္စည်းများ။ |
| ၅၆ | လျှပ်စစ်ဂျင်နေရေတာ၊ ထရန်စဖော်မာ စသည့် လျှပ်စစ်စက်ပစ္စည်းနှင့် ယင်းတို့၏အရံနှင့် အပိုပစ္စည်းများ။ |
| ၅၇ | လျှပ်စစ်ဓါတ်အားလိုင်းကြိုးကိရိယာနှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၅၈ | ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်းနှင့် ရေဒီယို ဆက်သွယ်ရေး ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရံနှင့် အပိုပစ္စည်းများ။ |
| ၅၉ | ဘက်ထရီများ (ဓါတ်ခဲခြောက်မပါ)။ |
| ၆၀ | ရေဒီယို အမျိုးမျိုး၏ အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် အခြား လျှပ်စစ်ဆက်သွယ်ရေး အီလက်ထရွန်နစ်ပစ္စည်းများ။ |
| ၆၁ | ဝန်ချိန်ကိရိယာ၊ အကွာအဝေး တိုင်းတာသည့် ကိရိယာများ။ |
| ၆၂ | မီးသတ်ဆေးဗူးများ။ |
| ၆၃ | သစ်မာ၊ သစ်မာအထပ်သားနှင့် သစ်မာအပါးလွှာများ။ |
| ၆၄ | စက္ကူကဒ်ထူဖြင့်ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၆၅ | မှန်ပြားနှင့် ဖန်၊ မှန်ဖြင့် ပြုလုပ်ထားသော ဆောက်လုပ်ရေး ပစ္စည်းများ။ |
| ၆၆ | သံ၊ သံမဏိပြားအထူ၊ အပါးနှင့် သတ္တုအရည်သုတ်ထားသည့် သံ၊ သံမဏိပြားများ။ |
| ၆၇ | အိမ်မိုးသွပ်ပြားများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၈ | ကွန်ကရစ်ဖြင့်လည်းကောင်း၊ မီးခံ ဘိလပ်မြေဖြင့် လည်းကောင်း ပြုလုပ်ထားသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၆၉ | သံ၊ သံမဏိဖြင့်ပြုလုပ်သော မူလီ၊ ဝက်အူ၊ ဘိုနပ် စသည်များ။ |
| ၇၀ | သံ၊ သံမဏိတိုင်၊ ထုတ်၊ ပိုက်လုံး၊ သံချောင်း၊ သံငါယာပစ္စည်း စသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၇၁ | သံ၊ သံမဏိမှအပ အခြားသတ္တုဖြင့် ပြုလုပ်ထားသည့် ဆောက်လုပ်ရေး ပစ္စည်းများ။ |
| ၇၂ | အိမ်သုံးနှင့် ရေအိမ်သုံး ကြွေထည်ပစ္စည်းများ။ |
| ၇၃ | ကြွေထည်ပစ္စည်းမှအပ အခြားအိမ်သုံးနှင့် ရေအိမ်သုံးပစ္စည်းများ။ |
| ၇၄ | ကွန်ကရစ်ပိုက်များ။ |
| ၇၅ | ပိုက်ဆက်ပစ္စည်းများ။ |
| ၇၆ | ရေလောင်းအိမ်သာ၊ ရေဆွဲအိမ်သာ ပစ္စည်းနှင့် ယင်းတို့အတွက် တပ်ဆင်ရန်ပစ္စည်းများ။ |
| ၇၇ | ထုံးနှင့်ထုံးမှုန့်များ။ |
| ၇၈ | သုတ်ဆေး၊ မှုတ်ဆေး၊ အရောင်တင်ဆေး အမျိုးမျိုး။ |
| ၇၉ | ဆေးသုတ်ဆေးမှုတ်နှင့် ဓာတ်ခြယ်ရာတွင် အသုံးပြုသော ကိရိယာ တန်ဆာပလာများ (ပန်းချီဆရာသုံး ပစ္စည်းကိရိယာများ မပါဝင်)။ |
| ၈၀ | သံကျွတ်ဒယ်အိုး၊ ပန်းရံဒယ်အိုး၊ သံဘရိ၊ သံသပ်၊ ကတ္တရာအိုး၊ ကွန်ကရစ်ဖျော်စက်၊ ကျောက်ကြိတ်စက် စသည့် ဆောက်လုပ်မှုနှင့် အထွေထွေလုပ်ငန်းသုံး ပစ္စည်းကိရိယာများ။ |
| ၈၁ | ပလပ်စတစ်ဖြင့်ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၈၂ | သံ၊ သံမဏိကြိုးများနှင့် ကျောက်ဆူးများ။ |
| ၈၃ | စက္ကူထုပ်ပိုးပစ္စည်းမှအပ အခြား စက္ကူပစ္စည်းများ။ |
| ၈၄ | ရုပ်ရှင်ရိုက်စက်အမျိုးမျိုး၊ ရုပ်ရှင်ပြစက် အမျိုးမျိုးနှင့် ယင်းတို့၏ အ နှင့်အပိုပစ္စည်းများ (ကာဘွန်အပါအဝင်)။ |
| ၈၅ | ကင်မရာအမျိုးမျိုး၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၈၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ငွေနှင့်ပလက်တီနံမှအပ အခြားသတ္တုဖြင့် ပြုလုပ်သည့်ပစ္စည်းများ။ |

## ဇယား-၇။ ။အဆုံး

| အုပ်မှတ်စဉ် | ကုန်စည်အုပ်မျိုးအမည် |
|---|---|
| ၈၇ | ရော်ဘာကုန်ပေါင်းများ။ |
| ၈၈ | ပုလဲတုံး၊ စိန်တုံး၊ ကျောက်တုံးနှင့် သွေးပြီးချက်ကျောက်များ။ |
| ၈၉ | မှန်ပြောင်း၊ မှန်ဘီလူးများ။ |
| ၉၀ | ဘော(လ်)ဘယ်ရင်များ။ |
| ၉၁ | ပေါင်မုန့်၊ ဘီစကွတ်မုန့်၊ ကိတ်မုန့်နှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် ဂျုံမှုန့်ဖြင့်ပြုလုပ်သော စားဘွယ်များ။ |
| ၉၂ | မလိုင်၊ ထောပတ်၊ ဂီးထောပတ်၊ ဒိန်ခဲများ။ |
| ၉၃ | ဓါတ်မီးခြစ်အမျိုးမျိုး။ |
| ၉၄ | စက်ဘီးများ။ |

## ဇယား-ဂ

**၄၀ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ**

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဖိုးပေါ်တွင်ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏ တန်ဖိုးရင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏တန်ဖိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | နို့အေး၊ ရေခဲမုန့်၊ ရေခဲချောင်း စသည်များ။ |
| ၂ | သကြားလုံးများ။ |
| ၃ | စားဘွယ်သောက်ဘွယ် စည်သွတ်ဘူးများ။ |
| ၄ | ကျောက်ကျော အဖြောက် (Isinglass)။ |
| ၅ | ဇာချည်ထည်နှင့် အခြား ပိတ်ဇာများ။ |
| ၆ | ဓါတုဗေဒ ချည်ဘုနှင့် ပိုးတုသည်များ။ |
| ၇ | ခုံးသိုနှင့် ဓါတုဗေဒ ပိုးတုနှင့် ချည်ဘု ရောရာသည်များ။ |
| ၈ | ချည်စောင်နှင့်ဘဘက်မှ အပ အခြားစောင်နှင့် တဘက်များ။ |
| ၉ | သားရေတုအထည်အလိပ်များ။ |
| ၁၀ | ကျောက်ပန်းအိုး၊ ကျောက်ပန်းခွက်၊ စားပွဲ ကျောက်ပြားများ ( Marble Products )။ |
| ၁၁ | ဖန်ပန်းအိုး၊ ဖန်ပန်းခွက်၊ ဖန်ပုလင်း နှင့် ဖန်ခွက်မှအပ အခြား အိမ်သုံးဖန်သည် ပစ္စည်းများ။ |
| ၁၂ | ရွှေ၊ ငွေ၊ ရွှေရည်နှင့် ငွေရည်သုတ်တင်ဇွန်း၊ ခရင်းမှ အပ အခြား ဇွန်း၊ ခရင်းနှင့်ဓါးများ။ |

## ဇယား-ဂ။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၃ | မီးခံဘိလပ်မြေ အမိုးအကာ ပစ္စည်းများ။ |
| ၁၄ | အိမ်သုံးလျှပ်စစ် ပစ္စည်းများ၏ အရန်နှင့် အပို ပစ္စည်းများ။ |
| ၁၅ | အိမ်သုံးအပ်ချုပ်စက်များ။ |
| ၁၆ | မုယောနှင့် နို့ဖြင့် ပြုလုပ်ထားသော စားဘွယ် သောက်ဘွယ်များ ( Malted Milk Preparation )။ |
| ၁၇ | ကျွန်းနှင့် ကျွန်းပါသော အထပ်သားများ။ |

## ၅၀ ရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင် ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏ တန်ဘိုးရင်းတွင်အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့်ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဘိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | အရက်ယမကာအမျိုးမျိုး။ |
| ၂ | ကိုကိုးမှုန့်။ |
| ၃ | တောင်ပို၊ မြောက်ဘက်လက်များ။ |
| ၄ | ဆပ်ပြာမွှေးအမျိုးမျိုး။ |
| ၅ | ဆေးပေါင်းဒါမှအပ ရေမွှေးအပါအဝင် အခြား အလှကုန်များ။ |
| ၆ | အိမ်ထောင်ပရိဘောဂများ။ |
| ၇ | ဂိုနီကော်ဇောများ။ |
| ၈ | ကြမ်းတိုက်ဖယောင်း။ |
| ၉ | သံဘီဒို၊ သံမဏိရှုံးသုံးဘီဒို စသည်များ။ |
| ၁၀ | မီးခံသေတ္တာများ။ |
| ၁၁ | မီးခံငွေသေတ္တာ ဘဏ္ဍာတိုက်ခန်း ပစ္စည်းများ ကိရိယာနှင့် ငွေသေတ္တာများ။ |
| ၁၂ | တာရာဇိုကျောက်ပြားများ။ |
| ၁၃ | အခြားလမ်းခင်း၊ အိမ်ခင်းမကျောက်ပြားများ။ |

## ဇယား-၉။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၄ | ကျွန်းခွဲသားများ။ |
| ၁၅ | သစ်သားအခင်းတုံးများ။ |
| ၁၆ | တူရိယာသားစွန်းများ။ |
| ၁၇ | ရေဘီယိုများ။ |
| ၁၈ | ဓါတ်ခဲအမျိုးမျိုး။ |
| ၁၉ | လျှပ်စစ်မီးဖိုနှင့် လျှပ်စစ်ထမင်းချက်အိုးများ။ |
| ၂၀ | မှတ်ခွံနှင့် ခရုများ။ |

## ဇယား-၁၀

**ဗ်ဝဲရာခိုင်နှုန်းဖြင့်အခွန်ကျသင့်စေရမည့် ကုန်စည်များ**

(၁) ပြည်ပမှ တင်သွင်းသည့်ကုန်စည်ဖြစ်လျှင် အခွန်ကို ဆိပ်ကမ်းရောက်တန်ဖိုးပေါ်တွင် ကျသင့်စေရမည်။

(၂) နိုင်ငံတော်အတွင်း၌ ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို စက်ရုံဈေးနှုန်းပေါ်တွင်ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။စက်ရုံဈေးနှုန်း ဆိုသည်မှာ ကုန်စည်၏တန်ဖိုးရင်းတွင် အမြတ်ကို ပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင်ကုန်စည်ကိုထည့်သွင်းထုပ်ပိုးထားသော ပစ္စည်းများ၏ တန်ဖိုးလည်း ပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ဆေးတံသောက်ဆေးများ။ |
| ၂ | ကွမ်းစားဆေး (မူစကီး)။ |
| ၃ | ပိုးနှင့်ဖဲဘဲ့လုံချည်များ။ |
| ၄ | ပိုးတုဖဲပြားများ။ |
| ၅ | ပိုးထည်အမျိုးမျိုး။ |
| ၆ | သားမွေး၊ သိုးမွေး အကြည် အလိပ်၊ အဝတ် တနဆာ ပလာ နှင့် ယင်းတို့ဖြင့် ပြုလုပ်သည့် ချုပ်ပြီးထည်များ။ |
| ၇ | လုပ်ငန်းသုံး ပစ္စည်းမှအပ သားရေဖြင့် ပြုလုပ်သော အခြား သားရေ ပစ္စည်းများ။ |
| ၈ | ဖိုင်ဘာ သေတ္တာ၊ ခရီးဆောင် သေတ္တာ နှင့် ဘရိကေ့စ်များ။ |
| ၉ | ဘိလိယက်ခုံ၊ ဘိလိယက်ဘောလုံး၊ ဘိလိယက် တိုးတံ နှင့် ဘိလိယက် ပစ္စည်းများ။ |

## ဇယား-၁၀။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၀ | လျှပ်စစ်ပန်ကာ၊ လျှပ်စစ်မီးပူ၊ လျှပ်စစ် အဝတ် လျှော်စက် နှင့် ရေအေးစက်များ။ |
| ၁၁ | အသံသွင်းစက်များ၊ ရေဒီယိုတွဲ အသံသွင်း စက်များ နှင့် တိတ်ခွေများ။ |
| ၁၂ | ဓါတ်စက်များ။ |
| ၁၃ | ဓါတ်စက်၊ ဓါတ်ပြားများ။ |
| ၁၄ | ရိုက်ပြီးဖလင်ကားများ။ |
| ၁၅ | အခြားနေရာတွင် သီးခြား ဖော်ပြ ထားခြင်း မရှိသည့် အိမ်သုံး လျှပ်စစ် ပစ္စည်းများ။ |
| ၁၆ | မော်တော်ဆိုင်ကယ်၊ မော်တော် စကူတာနှင့် ယင်း အမျိုးအစားတွင် ပါဝင်သော မော်တော်ယာဉ်များ။ |
| ၁၇ | ဆင်စွယ်၊ လိပ်ခွံနှင့် အခြား တိရစ္ဆာန် ပစ္စည်း ဖြင့် ပြုလုပ်သော ထွေထွေပစ္စည်းများ။ |
| ၁၈ | လေအေးစက်များ။ |
| ၁၉ | ရေအေး ရေခဲစက်၊ ရေခဲ သေတ္တာ၊ ရေခဲသေတ္တာ ဗူးများ။ |
| ၂၀ | အပေါ့စား ဘင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် အပေါ့စား ဝက်ဂွန် (**Estate Wagon**) ကားများနှင့် ကူပေး (**Coupe**) ကား များ။ |
| ၂၁ | ဂေါက်သီး၊ ဂေါက်တံ။ |

## ဇယား-၁၁

အောက်ဇယား၌ပါ ကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် ဆိပ်ကမ်းရောက်တန်ဘိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သောကုန်စည်ဖြစ်လျှင် စက်ရုံဈေးနှုန်းပေါ်တွင်လည်းကောင်း၊ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းအရ အခွန်ကျသင့်စေရမည်။

**ရှင်းလင်းချက်။** ။**စက်ရုံဈေးနှုန်း** ဆိုသည်မှာ ကုန်စည်၏ တန်ဘိုးရင်းတွင် အမြတ်ကိုပေါင်းစပ်သတ်မှတ်ထားသည့် ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကိုထည့်သွင်း ထုပ်ပိုးထားသော ပစ္စည်းများ၏တန်ဘိုးလည်းပါဝင်သည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | သကြား .... .... .... | ၃၀ |
| ၂ | ဆား .... .... .... | ၂၀ |
| ၃ | ဘိလပ်ရည် .... .... .... | ၆၀ |
| ၄ | ယမ်းမီးခြစ် .... .... .... | ၄၀ |
| ၅ | စီးကရက် .... .... .... | ၁၂၅ |
| ၆ | ရေနံဆီ .... .... .... | ၈၀ |
| ၇ | ဓါတ်ဆီ .... .... .... | ၁၇၀ |
| ၈ | ဒီဇယ်ဆီ .... .... .... | ၉၀ |
| ၉ | မီးထိုးဆီ .... .... .... | ၃၅ |
| ၁၀ | ရေနံချေး .... .... .... | ၁၈၀ |
| ၁၁ | ဂျက်လေယာဉ်ဆီ .... .... .... | ၁၁၅ |
| ၁၂ | ဖယောင်း .... .... .... | ၃၅ |
| ၁၃ | ရမ် .... .... .... | ၂၂၅ |
| ၁၄ | စစ်သုံးရမ် .... .... .... | ၃၅ |
| ၁၅ | ဘရမ်ဒီ (စပျစ်သီးဖြင့် ပြုလုပ်သည့် ပြည်တွင်းဖြစ် ဘရမ်ဒီ)။ | ၆၀ |

ဇယား-၁၁။ ။အဆုံး

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁၆ | အခြားဘရမ်ဒီ .... .... .... | ၂၂၅ |
| ၁၇ | ပြည်တွင်းဖြစ်မေ့ဝီစကီ .... .... | ၆၀ |
| ၁၈ | အခြားဝီစကီ .... .... .... | ၂၂၅ |
| ၁၉ | ဘီယာ .... .... .... | ၆၀ |
| ၂၀ | ဝိုင် .... .... .... | ၆၀ |
| ၂၁ | အရက်ဖြူ .... .... .... | ၂၀၀ |
| ၂၂ | ဂျင်၊ လင်ကီယာ နှင့် အလားတူ အခြား အရက်များ | ၂၂၅ |
| ၂၃ | မူလသဘာဝဖျက်အရက်ပျံ .... .... | ၂၀ |
| ၂၄ | မီးသိုင်းပါသောအရက်ပျံ .... .... | ၁၀ |
| ၂၅ | တင်လဲဖြူအရက် .... .... .... | ၆၀ |
| ၂၆ | ပုလဲ .... .... .... | ၁၀၀ |
| ၂၇ | ကျောက်စိမ်းနှင့် အခြား အဘိုးတန် ကျောက်များ .... | ၁၀၀ |

## ဇယား-၁၂

အောက်ဇယားပါ ဝန်ဆောင်မှုများအပေါ် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်—

| အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | အခြေပြုတွက်ချက်ရမည့်ငွေ | အခွန်ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ၁ | ရထား၊ ရေကြောင်း၊ လေကြောင်း နှင့် ကုန်းလမ်း ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း။ | ခရီးသည် ပို့ဆောင်ခရငွေစုစုပေါင်း။ | ၈ |
| ၂ | ဖျော်ဖြေမှုလုပ်ငန်း— | | |
| | (က) ရုပ်ရှင်ပြသခြင်း .... | ရငွေအားလုံး .... | ၄၀ |
| | (ခ) ရုပ်ရှင်ပြသခြင်း မှ အပ ကျန် ဖျော်ဖြေမှုများ။ | ရငွေအားလုံး .... | ၂၀ |
| ၃ | ကုန်စည် ဝယ်ယူ ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း။ | ရောင်းငွေစုစုပေါင်း | ၅ |